# “ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာ၏ ကုန်ပစ္စည်းရောင်းသူ ဆိုင်ရာစံထားရမည့်ကျင့်ဝတ်များ”

ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာသည် ကုန်ပစ္စည်းဝယ်ယူမှုလုပ်ငန်းများ ပြုလုပ်ရာတွင် ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာ၏ ကလေးနှင့်လူကြီး ကာကွယ်စောင့်ရှောက်ရေးမူဝါဒအပါအဝင် လူ့ကျင့်ဝတ်နှင့်ဆိုင်သော ကျင့်ဝတ်များနှင့် ကိုယ်ကျင့်တရား နှင့်ဆိုင်သော စံနှုန်းများကိုလိုက်နာရန် ပြင်းပြင်းထန်ထန် ကတိကဝတ်ပြုထားပါသည်။ ဤကုန်ပစ္စည်းရောင်းသူဆိုင်ရာ စံထားရမည့် ကျင့်ဝတ်များသည် ကျွန်ုပ်တို့ နေ့စဉ်ဆောင်ရွက်လျှက်ရှိသော စီးပွားရေးဆိုင်ရာ စံထားရမည့်ကျင့်ဝတ်များ၏ နိယာမများနှင့် အပြုအမူများ အားထောက်ပံ့မှုပြုသည့်အပြင် နိုင်ငံတကာအသိမှတ်ပြုသော ဝယ်ယူမှုဆိုင်ရာလုပ်ငန်းများ၏ စံထားရမည့် ကျင့်ဝတ်များကိုလည်း လိုက်နာဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ကြောင့် ကုန်ပစ္စည်းရောင်းသူအနေဖြင့် ကောင်းမွန်သောစီးပွားရေးဆိုင်ရာ အလေ့အကျင့်များကို လိုက်နာဆောင်ရွက်သင့်သည်။

ဤကုန်ပစ္စည်းရောင်းသူဆိုင်ရာ စံထားရမည့်ကျင့်ဝတ်များသည် ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာရှိ ဝန်ထမ်းအားလုံးမှ စတင် ၍ ကုန်ပစ္စည်းရောင်းသူများ၊ ကန်ထရိုက်တာများ၊ စေတနာ့ဝန်ထမ်းများ၊ ဘုတ်အဖွဲ့ဝင်များအထိအကျုံးဝင်မှုရှိသည်။

ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာသည် အလှူရှင်များ၏ ပေးလှူမှုများအတွက် ကုန်ပစ္စည်းများ ဝယ်ယူမှုပြုလုပ်ရာတွင် အလှူရှင်များ၏ ဆန္ဒနှင့်လျော်ညီသော ဝယ်ယူမှုဆိုင်ရာလုပ်ငန်းများကိုသာ လိုက်နာဆောင်ရွက်ပါသည်။ ထို့ကြောင့်ကုန်ပစ္စည်းရောင်းသူနှင့် ထပ်ဆင့် ကုန်ပစ္စည်းရောင်းသူများသည်လည်း ဤကုန်ပစ္စည်းရောင်းသူဆိုင်ရာ စံထားရမည့်ကျင့်ဝတ်များကို သိရှိနားလည်သဘောပေါက်၍ လက်မှတ် ရေးထိုးရမည်။

ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာ၏ ကုန်ပစ္စည်းရောင်းသူများထံမှ အောက်ပါအချက်အလက်များကို သိရှိနားလည် သဘောပေါက်လိုက်နာရန် မျှော်မှန်းထားပါသည် -

၁။ ဝယ်ယူမှုတန်ဖိုးအတွက် မှန်ကန်မှု၊ တာဝန်ယူမှု ၊ ပွင့်လင်းမြင်သာမှုဖြင့် စွမ်းဆောင်ရည်ကိန်းကို တိုးတက်အောင်ဆောင်ရွက်ပါ။

(က) ကုန်ပစ္စည်းဝယ်ယူသူများဘက်မှ ဝယ်ယူမှုကုန်ကျစရိတ် လျော့နည်းစေရန်နှင့် ပိုမိုတိုးတက်ကောင်းမွန်သောရလဒ်များ ရရှိစေရန် ရေရှည်သဘောတူညီမှုရှိသော စာချုပ်များ (Long Terms Agreement)၊ ဝယ်ယူမှုမှာကြားလွှာ (Purchase Order) စသည့်ဖြင့် တက်ကြွစွာ (စိတ်ဝင်တစား) ပါဝင် လုပ်ဆောင်မည်။

(ခ) ကုန်ပစ္စည်းဝယ်ယူသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ဖြစ်ပေါ်လာမည့်အန္တရယ်များအား ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာမှုရှိရန် ကုန်ပစ္စည်းရောင်းသူဘက်မှ တင်သွင်းသောဈေးနှုန်းသည် ဈေးကွက်ရှိကုန်ပစ္စည်း၏ဈေးနှုန်းနှင့် သင့်တင့် လျှောက်ပတ်မှုရှိရမည့်အပြင် မှန်ကန်မှုလည်း ရှိမည်။

၂။ အရည်အသွေး ပြည့်ဝကျွမ်းကျင်စွာနှင့် သမာဓိရှိစွာ ပြုမူဆောင်ရွက်ပါ။

(က) ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာသို့ ကုန်ပစ္စည်းဈေးနှုန်းတင်သွင်းလွှာ (Request for Quotation (RFQ)/Quotation) များအား ဝင်ရောက်ယှဉ်ပြိုင် တင်သွင်းရာတွင် ကုန်ပစ္စည်းရောင်းသူသည် မိမိတို့အမှန်တကယ်တင်သွင်းနိုင်သော ကုန်ပစ္စည်းပမာဏ၊ ဈေးနှုန်းနှင့် ဝန်ဆောင်မှုများကို ရိုးသားပွင့်လင်း မှန်ကန် စွာတင်ပြမှုရှိမည်။

(ခ) ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာသို့ ကုန်ပစ္စည်းရောင်းသူများအပြင် မိမိတို့နှင့်ဆက်နွယ်နေသော ကိုယ်ပိုင်ကုန်ပစ္စည်းရောင်းသူများ (သို့မဟုတ်) တဆင့်ခံဝန်ဆောင်မှုပေးသူများသည် စံထားရမည့်ကျင့်ဝတ်များကို နားလည်သဘောပေါက်၍ လိုက်နာဆောင်ရွက်ရန် ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာမှ မျှော်လင့်ပါသည်။ ထို့ကြောင့် ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာသို့ ကုန်ပစ္စည်းရောင်းသူတစ်ဦးအနေဖြင့် မိမိ၏မိတ်ဖက်များအား စံထားရမည့်ကျင့်ဝတ်များကို နားလည်သဘောပေါက်၍ လိုက်နာဆောင်ရွက်မှု ရှိစေရန် တွန်းအားပေးခြင်းနှင့် ကူညီလုပ်ဆောင်ခြင်းများကို ပြုလုပ်ရမည်။ ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာသို့ ကုန်ပစ္စည်းရောင်းသူတစ်ဦးအနေဖြင့် လိုအပ်သောအခါတွင်လည်း စံထားရမည့် ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြောင်း ဖေါ်ဆောင်မည်။

(ဂ) ရင့်ကျက်မှုရှိသောဖွံ့ဖြိုးတိုးတက်မှုနှင့်တကွ ကျင့်ဝတ်နှင့်ညီသော စီးပွားရေးဆိုင်ရာ ဆက်ဆံရေးအမူအကျင့်များကို အထောက်အကူပြုရန် ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာနှင့်အတူ ပြုမူဆောင်ရွက်မည်။

(ဃ) လူမှုရေးဆိုင်ရာ တာဝန်ယူမှုများကို အတူတကွပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ကတိကဝတ်ပြု၍ ရှင်းလင်းတက်ကြွစွာ ဖော်ဆောင်မည်။



လက်မှတ်________________

၃။ တာဝန်ခံခြင်းရှိပါ။

က) ဖြစ်ပေါ်လာနိုင်သည့်အခက်အခဲများနှင့် မလိုလားအပ်သောအန္တရာယ်များအား မျှတစွာခွဲဝေဖြေရှင်းရန် ငွေပေးချေမှုစနစ်အတွက် အံဝင်ခွင်ကျရှိသော ဈေးနှုန်းတင်ပြမှုပုံစံကို အသုံးပြုမည်။

ခ) ကုန်ပစ္စည်းရောင်းသူမှ မိမိ၏အာမခံပြောဆိုမှုအား တာဝန်ယူမှုရှိပြီး မိမိ၏တာဝန်ဝတ္တရားများအား လက်ခံဆောင်ရွက်ရာတွင် ရိုးသားပွင့်လင်းမှုရှိပါမည်။ သို့မှသာ ထိုရိုးသားမှုရှိသောဆောင်ရွက်မှုများမှ မှားယွင်းမှုများရှိခဲ့လျှင် ထိုမှားယွင်းမှုများမှ သင်ခန်းစာများကို သင်ယူနိုင်မည်။

၄။ ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာ၏ စည်းကမ်းချက်များနှင့် အံ့ဝင်မှုရှိပါ၊

က) ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာ၏ နယ်မြေအသီးသီးရှိ ရုံးခွဲများတွင်သာမက စစ်ဘေးသင့်သောဒေသများ၊ ပဋိပက္ခဖြစ်ပွားလျှက်ရှိသော ဒေသများတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်မည်။

ခ) အလေ့အကျင့်ကောင်းများနှင့်အတူ အမြင့်မားဆုံးဖွံ့ဖြိုးတိုးတက်မှုသက်ရောက်ရန် ဗဟုသုတ၊ အသိပညာဆန်းသစ်ပြောင်းလည်းမှုများအား လက်ဆင့်ကမ်းဝေမျှမည်။

၅။ ဝေါလ်ဗီရှင်အင်တာနေရှယ်နယ်-မြန်မာ၏ အကျိုးအမြတ် ပဋိပက္ခဆိုင်ရာ စံသတ်မှတ်ချက်များကို သဘောတူလက်ခံပါ။

ကုန်ပစ္စည်းရောင်းသူ (သို့မဟုတ်) ကန်ထရိုက်တာသည် ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာနှင့် ဆွေမျိုး တော်စပ်မှု၊ စီးပွားရေးဆိုင်ရာ ဆက်နွယ်ပတ်သက်မှု၊ ဝင်ရောက်စွက်ဖက်မှု၊ အသင်းအဖွဲ့ဖွဲ့မှု၊ ရာထူးရှိမှု၊ ဘဏ္ဍာရေးဆိုင်ရာ အကျိုးစီးပွား ဆက်နွယ်မှုမရှိသူ ဖြစ်ရမည်။ လက်ဆောင်ဘဏ္ဍာပေးယူခြင်း၊ ချေးယူခြင်း၊ ချေးငှားခြင်းမရှိသူဖြစ်ရမည်။ အခြားသော ငွေပေးချေမှုဆိုင်ရာ များကို ပြုလုပ်ဆောင်ရွက်ပါက ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာ၏ အကျိုးအမြတ်ဆိုင်ရာ ပဋိပက္ခမူဝါဒဘောင်အတွင်းရှိ စံသတ်မှတ် ချက်များအတိုင်း လိုအပ်ပါက ထုတ်ဖော်ပါမည်။

၆။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံများမှ ဖော်ပြထားသော အလုပ်သမားဆိုင်ရာ သဘောတူညီချက်များကိုလေ့လာပါမည်၊ အလုပ်သမားဥပဒေလေးစားလိုက်နာ ဆောက်ရွက်ပါမည်။

၇။ ခိုင်မာသော ဥပဒေ၊မူဝါဒရှိပါ။

က) ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာ၏ ကုန်ပစ္စည်းရောင်းသူသည် ထိရောက်သော ဥပဒေ၊မူဝါဒ ရှိရမည်ဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန် ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာမှ မျှော်လင့်သည်။

**"ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာ၏ ကုန်ပစ္စည်းရောင်းသူဆိုင်ရာ စံထားရမည့် ကျင့်ဝတ်များ သိရှိနားလည်ကြောင်းဖေါ်ပြချက်"**

အောက်တွင်ပါရှိသော (ကျွန်တော်/ကျွန်မ/ကျွန်ုပ်တို့/ကုန်ပစ္စည်းရောင်းသူ) ၏ လက်မှတ်သည် ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာ၏ ကုန်ပစ္စည်းရောင်းသူဆိုင်ရာ စံထားရမည့်ကျင့်ဝတ်များကို ဖတ်ရှုလေ့လာသိရှိနားလည်ပြီး သဘောတူလက်ခံသောကြောင့် ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာ၏ ကျင့်ဝတ်စည်းမျဉ်း အထက်ပါဖော်ပြထားမှုများတိုင်း ကုန်ပစ္စည်းရောင်းသူ နောက်ကြောင်းရာဇဝင်များကို သက်ဆိုင်ရာစစ်ဆေးမှုများ ပြုလုပ်ပါက စစ်ဆေးမှုများအား ကြည်ဖြူစွာ ခွင့်ပြုပါသည်။ ကျွန်ုပ်၏ ပြုမူလုပ်ဆောင်မှုများသည် ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာ၏ ကုန်ပစ္စည်းရောင်းသူဆိုင်ရာမူဝါဒနှင့် ကိုက်ညီမှုမရှိခြင်း၊ ကျင့်ဝတ်များဆိုင်ရာ ပြဋ္ဌာန်းချက်များ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းများရှိခဲ့ပါက ဝေါလ်ဗီရှင်အင်တာနေရှင်နယ်-မြန်မာနှင့် စီးပွားရေးဆိုင်ရာ ဆက်ဆံမှုများကို ရပ်စဲမည်ဖြစ်ကြောင်းကို နားလည် သဘောပေါက်သည်။

လက်မှတ် -

ကုန်ပစ္စည်းရောင်းသူအမည် - ______________________

ဆိုင်/ကုမ္ပဏီအမည် - ______________________

ဆိုင်/ကုမ္ပဏီလိပ်စာ - ______________________

(တိကျစွာဖော်ပြရန်) ______________________

______________________

ဖုန်းနံပါတ် - ______________________

ရက်စွဲ - ______________________



လက်မှတ်______________